Form - L.2 (a)

ချေးငွေစည်းမျဉ်းစည်းကမ်းများ

ရက်စွဲ : ----------------------

ကျွန်တော်/ကျွန်မ(တို့)သည် အောက်ပါစည်းမျဉ်းစည်းကမ်းများအားသိရှိသဘောတူပါသည်။

1. ချေးငွေအတွက် ပြန်လည်ပေးဆပ်ရမည့် ခန့်မှန်းကာလမှာ ....လပေါင်း ဖြစ်ပါသည်။ ဤကာလသည် ချေးငွေအတွက်အတိုးနှုန်းပြောင်းလဲခြင်းနှင့် အခြားပြောင်းလဲခြင်းများရှိပါက ပြောင်းလဲနိုင်ပါသည်။
2. ချေးငွေအတွက်အတိုးနှုန်းမှာ တစ်နှစ်လျှင် ....% ဖြစ်ပြီး ဈေးကွက်အခြေအနေပြောင်းလဲမှု နှင့်/သို့ ဗဟိုဘဏ်၏ ညွှန်ကြားချက်များအရ အပြောင်းအလဲရှိနိုင်ပါသည်။
3. ချေးငွေအတွက် ဝန်ဆောင်ခမှာ ချေးငွေပမာဏပေါ်တွင် ....% ဖြစ်ပါပြီး ချေးငွေစတင်ထုတ်ယူသည်နှင့် ကောက်ခံပါမည်။
4. Overdraft ချေးငွေအတွက် Commitment charges မှာ တစ်နှစ်လျှင် ....% ဖြင့် အသုံးမပြုသော ချေးငွေပမာဏပေါ်တွင် ကောက်ခံပါမည်။
5. အတိုးနှုန်းပြောင်းလဲပါက လစဉ်ပေးဆပ်ရမည့်ပမာဏကို ပြောင်းလဲသတ်မှတ်ခြင်း (သို့) ချေးငွေကာလကို တိုးမြှင့်ခြင်း ဆုံးဖြတ်ချက်ကို ဘဏ်မှ ပြုလုပ်ခွင့်ရှိပါသည်။
6. လစဉ်အရစ်ကျပေးဆပ်မှုပျက်ကွက်ပါက ဒဏ်ကြေး/နောက်ကျကြေးအဖြစ် ပေးဆပ်ရန်ပျက်ကွက်သည့်ပမာဏပေါ်တွင် တစ်နှစ်လျှင် ....% ဖြင့် ကောက်ခံပါမည်။
7. လစဉ်အရစ်ကျပေးဆပ်မှုပျက်ကွက်ပါက သတ်မှတ်ထားသည့်ကာလအတွင်း လစဉ်အရစ်ကျပမာဏထက် ပိုမိုပေးသွင်း ရမည်ကို ငွေချေးသူနှင့် အာမခံသူများမှ သိရှိသဘောတူပါသည်။
8. ငွေချေးသူနှင့် အာမခံသူများသည် ချေးငွေအတိုးနှင့်/သို့ အရင်းအား ပေးဆပ်ရန်ပျက်ကွက်ပါက ခန့်မှန်းချေးငွေကာလအား လပေါင်း ....အဖြစ် သတ်မှတ်ထားသော်လည်း ဘဏ်မှ သဘောတူစာချုပ်အားပြန်လည်ရုတ်သိမ်း၍ ချေးငွေအား ပြန်လည်တောင်းခံခွင့်ရှိကြောင်းကို သိရှိသဘောတူပါသည်။ ထို့ပြင် ဘဏ်သည် ငွေချေးသူအားအကြောင်းကြားရန်မလိုဘဲ ဘဏ်တွင်ရှိသည့် ငွေချေးသူ/အာမခံသူ၏ အပ်ငွေစာရင်းများအားလုံးမှ စာရင်းချေပိုင်ခွင့်ရှိသည်ကိုလည်း သိရှိသဘောတူပါသည်။
9. ချေးငွေအား ခွင့်ပြုလိုက်သည့် ရည်ရွယ်ချက်အတွက်သာ အသုံးပြုရပါမည်။
10. အတိုးအား စာရင်းတွင် လစဉ်ကောက်ခံပါမည်။
11. လစဉ်အရစ်ကျပေးဆပ်မှုအား ချေးငွေထုတ်ယူသည့်လ၏ နောက်ဆုံးရက်မှ စတင်၍ လစဉ်ပေးဆပ်ရပါမည်။
12. ဘဏ်၏စည်းမျဉ်းစည်းကမ်းများနှင့် ဈေးကွက်အခြေအနေများအရ ငွေချေးသူ(များ)အား ကြိုတင်အကြောင်းကြား၍ management fees နှင့် services charges များအား ပြောင်းလဲနိုင်ပါသည်။
13. ချေးငွေနှင့်ပတ်သက်သည့် အကြောင်းကြားစာများအား ငွေချေးသူ(များ)မှ ဘဏ်သို့တင်ပြထားသည့် နောက်ဆုံးလိပ်စာ သို့သာ ပေးပို့မည်ဖြစ်သောကြောင့် လိပ်စာအပြောင်းအလဲရှိပါက ဘဏ်သို့ အကြောင်းကြားရပါမည်။
14. ဘဏ်မှလိုအပ်ပါက လိုအပ်သည့် စာချုပ်များကို မည်သည့်အချိန်တွင်မဆို ထပ်မံချုပ်ဆိုခွင့်ရှိပါသည်။
15. ငွေချေးသူ (သို့) အာမခံသူ သေဆုံးဖြင်း/ရှုံးသွပ်ခြင်း/လူမွဲစာရင်းခံခြင်းတို့ရှိပါက ဘဏ်သို့ ချက်ချင်းအကြောင်းကြား ရပါမည်။
16. ဘဏ်သည် ချေးငွေနှင့်သက်ဆိုင်သည့် တရားရေးစရိတ်များ/ရှေ့နေခများ/တံဆိပ်ခေါင်းခများစသည်တို့ရှိပါက ငွေချေးသူ/အာမခံသူ(များ)၏ စာရင်းမှ (သို့) အခြားအရင်းအမြစ်များမှ ရယူခွင့်ရှိပါသည်။
17. ဤချေးငွေအတွက် စည်းမျဉ်းစည်းကမ်းများသည် မြန်မာနိုင်ငံတွင်းရှိဥပဒေများအရ ပြောင်းလဲမှုရှိနိုင်ပါသည်။

ငွေချေးသူ-၁	ငွေချေးသူ-၂	ငွေချေးသူ-၃